# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ

## အရပ်ရပ်ဌာနစု

## အထူးရာဇဝတ်ရုံးနည်းဥပဒေများ။

## အမှတ် ၂၇၇

## ရန်ကုန်မြို့၊ ၁၃၂၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်။

## (၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်။)

အမှတ် ၂၇၇။ ။ ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံး ဥပဒေ ပုဒ်မ ၂၁ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အောက်ပါနည်းဥပဒေ များကို ပြုလိုက်သည်။

### အခန်း ၁။

### နိဒါန်း။

၁။ ။ ဤနည်းဥပဒေများကို၊ **အထူးရာဇဝတ်ရုံးနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့် ဖြစ်စေ၊ မဆန့်ကျင်လျှင်-

(က) **“ဥပဒေ”** ဆိုသည်မှာ၊ ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကို ဆိုလိုသည်။

(ခ) **“အထူးရာဇဝတ်ရုံး”** ဆိုသည်မှာ၊ ဥပဒေပုဒ်မ ၃ အရ၊ ဖွဲ့စည်းထားသည့် အထူးရာဇဝတ်ရုံးကို ဆိုလိုသည်။

(ဂ) **“ဇယားဝင်ပြစ်မှု”** ဆိုသည်မှာ၊ ဥပဒေပါဇယားတွင် သီးခြားဖော်ပြထားသည့် ပြစ်မှုတခုခုကို ဆိုလို သည်။

(ဃ) **“အတည်ပြုအာဏာပိုင်”** ဆိုသည်မှာ၊ ဥပဒေပုဒ်မ ၁၀ အရ၊ ခန့်ထားသည့် အတည်ပြုအာဏာပိုင် ကိုဆိုလိုသည်။

(င) **“ခရိုင်ကော်မီတီ”** ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၏ နိုင်ငံတော်လုံခြုံ ရေးနှင့် အုပ်ချုပ်မှုစီမံကိန်းအရ ဖွဲ့စည်းသည့်ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီကို ဆိုလိုသည်။

(စ) **“တိုင်းကော်မီတီ”** ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ နိုင်ငံတော်လုံခြုံ ရေးနှင့် အုပ်ချုပ်မှု စီမံကိန်းအရ၊ ဖွဲ့စည်းသည့်တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီကို ဆိုလိုသည်။

(ဆ) **“ဗဟိုကော်မီတီ”** ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၏ နိုင်ငံတော် လုံခြုံရေးနှင့် အုပ်ချုပ်မှုစီမံကိန်းအရ၊ ဖွဲ့စည်းသည့် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီကို ဆိုလိုသည်။

(ဇ) **“ပုံစံ”** ဆိုသည်မှာ၊ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသော ပုံစံကို ဆိုလိုသည်။

### အခန်း ၂။

### အထူးရာဇဝတ်ရုံးဆိုင်ရာ ပြဋ္ဌာန်းချက်များ။

Myanmar Law Information System (MLIS)

၃။ ။ (၁) ဇယားဝင်ပြစ်မှုတခုခုအရ ဖြစ်သောအမှုမှာ စုံစမ်းစစ်ဆေး၍ အမှုကြောင်းခြင်းရာ အခြေအနေ ကို သိရှိသောအခါဖြစ်စေ၊ တရားရုံးသို့ အမှုတင်ရန် အခြေအနေသို့ ရောက်ရှိသောအခါဖြစ်စေ၊ သက်ဆိုင်ရာခရိုင်ရဲဝန်သည်၊ အဆိုပါအမှုကြောင်းခြင်းရာ အကျဉ်းချုပ်ဖော်ပြချက်ကို၊ ခရိုင်ကော်မီတီသို့ တင်ပြရမည်။

(၂) ထိုအမှုသည်၊ တရားရုံးသို့တင်ပြရန် အခြေအနေသို့ ရောက်ရှိသောအခါဖြစ်လျှင်၊ ခရိုင်ရဲဝန်သည်၊ ထိုအမှုတွဲကို၊ တရားခံနှင့်တကွ စီရင်ပိုင်ခွင့် အာဏာရှိသည့်တရားရုံးသို့ တင်ပို့စေရမည်။

(၃) ထိုသို့ တင်ပြသောအခါ၊ ထိုအမှုကို အထူးရာဇဝတ်ရုံးက စစ်ဆေးသင့်မသင့် ခရိုင်ကော်မီတီက စဉ်းစားဆင်ခြင်ရန်ပို့ထားကြောင်း တရားရုံးသို့ အစီရင်ခံစေရမည်။

(၄) ထိုသို့ အစီရင်ခံသောအခါ၊ ထိုတရားရုံးသည်၊ အမှုကို စစ်ဆေးခြင်း မပြုဘဲဆိုင်းငံ့ထားပြီးနောက်၊ တရားခံအား အချုပ်နှင့်ဖြစ်လျှင်၊ သက်ဆိုင်ရာတရားရုံးက စစ်ဆေးသည့် အချိန်အထိ ပုံစံ ၁ ပါဝရန်းဖြင့် အကျဉ်းထောင်သို့ပို့၍ ချုပ်ထားစေရမည်။ သက်သေခံပစ္စည်းပါလျှင်လည်း လက်ခံသိမ်းထားရမည်။

၄။ ။ ခရိုင်ကော်မီတီသည်၊ ခရိုင်ရဲဝန်တင်ပြသည့် အမှုကြောင်းခြင်းရာများကိုလေ့လာပြီးလျှင်၊ ထိုအမှုကို အထူးရာဇဝတ်ရုံးက စစ်ဆေးရန် သင့် မသင့် အလျင်အမြန် ဆုံးဖြတ်ရမည်။

၅။ ။ ခရိုင်ကော်မီတီသည်၊ ထိုအမှုကို အထူးရာဇဝတ်ရုံးက စစ်ဆေးသင့်သည်ဟု ဆုံးဖြတ်လျှင်၊ မိမိ၏ ထောက်ခံချက်ကို၊ ခရိုင်ရဲဝန်တင်ပြသည့်အမှုကြောင်းခြင်းရာများနှင့်တကွ တိုင်းကော်မီတီသို့ တင်ပြရ မည်။ ထိုအမှုကို အထူးရာဇဝတ်ရုံးက စစ်ဆေးခြင်းမပြုသင့်ဟု ခရိုင်ကော်မီတီက ထင်မြင်ယူဆလျှင်၊ မိမိ၏ ထင်မြင်ယူဆချက်ကို၊ အမှုကြောင်းခြင်းရာ ဖော်ပြချက်နှင့်အတူ တိုင်းကော်မီတီနှင့်ဗဟိုကော်မီတီ တို့သို့ ပေးပို့ရမည်။ ထိုအခါ ခရိုင်ရဲဝန်သည်၊ နည်းဥပဒေ ၂ အရ အမှုကို ရုံးသို့တင်ပို့ပြီးဖြစ်လျှင်၊ ထိုရုံး ကအမှုကို ဆက်လက်ကြားနာစစ်ဆေးစီရင်နိုင်စေရန် အကြောင်းကြားစေရမည်။ အကယ်၍အမှုမှာ တရားရုံးသို့ တင်ပို့ခြင်းမပြုခဲ့သေးလျှင်၊ စီရင်ပိုင်ခွင့် အာဏာရှိသော တရားရုံးသို့ တင်ပို့စေရမည်။

၆။ ။ တိုင်းကော်မီတီသည်၊ ထိုအမှုကို အထူးရာဇဝတ်ရုံးက စစ်ဆေးသင့်သည်ဟု ဆုံးဖြတ်လျှင်၊ ဗဟိုကော်မီတီသို့ မိမိ၏ ဆုံးဖြတ်ချက်ကို ပေးပို့၍ အထူးရာဇဝတ်ရုံးဖွဲ့စည်းပေးရန် အမိန့်တောင်းခံရ မည်။ ထိုသို့တောင်းခံရာ၌ အထူးရာဇဝတ်ရုံးတွင် ပါဝင်ဆောင်ရွက်သင့်သည့် ပုဂ္ဂိုလ် ၃ ဦးနှင့် အရံပုဂ္ဂိုလ် ၂ ဦးတို့၏ အမည်၊ နေရပ်၊ လိပ်စာ၊ စစ်ဆေးသင့်သည့်နေရာ၊ အထူးဥပဒေအရာရှိခန့်ထားသင့်က ထိုဥပဒေ အရာရှိအဖြစ် မည်သည့်ပုဂ္ဂိုလ်အားခန့်ထား ထိုက်သည်ဟူသော ထောက်ခံချက်များလည်း ပေးပို့ရမည်။

၇။ ။ တိုင်းကော်မီတီသည်၊ ခရိုင်ကော်မီတီက ရာဇဝတ်ပြစ်မှုတခုခုကို၊ အထူးရာဇဝတ်ရုံးဖွဲ့စည်း၍ စစ်ဆေးစေသင့်သည်ဟူသော ထောက်ခံချက်ကို လက်မခံလျှင်၊ ထိုသို့ လက်မခံကြောင်းကို၊ ခရိုင်ကော်မီ တီသို့ အကြောင်းကြားစာပေးပို့၍ မိတ္တူတစောင်ကိုလည်း၊ ဗဟိုကော်မီတီသို့ ပေးပို့ရမည်။

၈။ ။ တိုင်းကော်မီတီသည်၊ နည်းဥပဒေ ၅ အရ ခရိုင်ကော်မီတီထံမှ အမှုကို အထူးရာဇဝတ်ရုံးတွင် စစ်ဆေးစီရင်စေရန် မသင့်ကြောင်း အကြောင်းကြားစာရရှိသောအခါ၊ သက်ဆိုင်ရာမှုခင်းနှင့် စပ်လျဉ်း သည့် စာရွက်စာတမ်းများကို လိုအပ်လျှင် တောင်းယူစစ်ဆေးကြည့်ရှုပြီး၊ ထိုအမှုကို၊ အထူးရာဇဝတ်ရုံး ဖွဲ့စည်း၍ စစ်ဆေးစေသင့်သည်ဟု ထင်မြင်ယူဆလျှင်၊ ဗဟိုကော်မီတီသို့ တင်ပြရမည်။

Myanmar Law Information System (MLIS)

၉။ ။ (၁) ဗဟိုကော်မီတီက အမိန့်စာဖြင့် ညွှန်ကြားလျှင်၊ တိုင်းကော်မီတီသည်၊ နည်းဥပဒေ ၃၊ ၄ နှင့် ၅ တွင် ပြဋ္ဌာန်းထားသော တာဝန်ဝတ်တရားများကို တိုက်ရိုက်ဆောင်ရွက်နိုင်သည်။

(၂) ရန်ကုန်ခရိုင်အတွင်း ဖြစ်ပွါးသော ဇယားဝင် ပြစ်မှုများနှင့် စပ်လျဉ်း၍၊ ရန်ကုန်ရဲမင်းကြီးက အမှုကြောင်းခြင်းရာ အကျဉ်းချုပ် ဖေါ်ပြချက်ကို ရန်ကုန်တိုင်း ကော်မီတီသို့ တင်ပြရမည်။ ရန်ကုန်တိုင်း ကော်မီတီသည်၊ နည်းဥပဒေ ၃၊ ၄ နှင့် ၅ တွင် ပြဋ္ဌာန်းထားသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရ မည်။

၁၀။ ။ ဗဟိုကော်မီတီမှာ၊ ဇယားဝင်ပြစ်မှုတခုခုကို အထူးရာဇဝတ်ရုံးက စစ်ဆေးသင့် မသင့်ဟူသော ပြဿနာနှင့် စပ်လျဉ်း၍၊ ခရိုင်ကော်မီတီက သော်၎င်း၊ တိုင်းကော်မီတီကသော်၎င်း၊ ချမှတ်သည့် မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ပြင်ဆင်နိုင်သော အာဏာရှိရမည့်ပြင်၊ မိမိသင့်တော်သည် ထင်မြင်သည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည့် အာဏာလည်းရှိရမည်။

၁၁။ ။ (၁) ဗဟိုကော်မီတီသည်၊ နည်းဥပဒေ ၆ အရ တင်ပြသည့် ထောက်ခံချက်ကို သဘောတူလျှင်၊ အထူးရာဇဝတ်ရုံးဖွဲ့စည်းရန်လိုအပ်သည့် ဆောင်ရွက်ချက်များပြုလုပ်ရန် တရားရေးဌာနသို့ အကြောင်း ကြားရ မည်။

(၂) တရားရေးဌာနသည်၊ သက်ဆိုင်ရာဒေသအတွက် အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ အထူးရာဇဝတ်ရုံး ဖွဲ့စည်းရမည်။ ထိုအခါ အမှုတွဲတင်ပို့ခြင်းခံရသော တရားရုံးသည်၊ စက်ရှင်တရားရုံးမဟုတ်ပါက၊ ထိုအမှု တွဲကို စက်ရှင်တရားရုံးမှ တဆင့် အထူးရာဇဝတ်ရုံးသို့ စစ်ဆေးရန် ပေးပို့ရမည်။

(၃) ထိုစက်ရှင်တရားရုံးက၊ ထိုအမှုကို၊ ပုံစံ ၂ ဖြင့် ထားရှိသော အမှုမှတ်ပုံတင်စာရင်းအမှတ် ၁ တွင် မှတ်ပုံတင်ပြီး၊ အထူးရာဇဝတ်ရုံးသို့ ပေးပို့ရမည်။

၁၂။ ။ ရန်ကုန်ခရိုင်မှတပါး အခြားခရိုင်အသီးသီးတွင် ခရိုင်ကော်မီတီသည်၊ အထူးရာဇဝတ်ရုံး၏ တရား စစ်ဆေးစီရင်ရေး၊ နေရာထိုင်ခင်းသတ်မှတ်ရေး၊ အမှုထမ်းများစီမံခန့်ခွဲရေးနှင့် အခြားလိုအပ်သည့် ကိစ္စ များ ဆောင်ရွက်ရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးရမည်။

ရန်ကုန်ခရိုင်တွင်၊ တိုင်းကော်မီတီသည်၊ အဆိုပါ ကိစ္စများ ဆောင်ရွက်ရေးတို့ကို တာဝန်ယူဆောင်ရွက် ပေးရမည်။

လိုအပ်လျှင် သက်ဆိုင်ရာ စက်ရှင်တရားသူကြီးနှင့် ခရိုင်ရာဇဝတ်တရားသူကြီးတို့ထံမှ လိုအပ်သော အကူအညီကို တောင်းယူနိုင်သည်။

၁၃။ ။ ခရိုင်တခုလျှင် ပုံစံ ၂ ဖြင့်ထားရှိသော အမှု မှတ်ပုံတင်စာရင်းအမှတ် ၁ တခုကျစီထားရှိ၍ တနှစ်အတွင်း ထိုခရိုင်တွင် အထူးရာဇဝတ်ရုံးများ မည်မျှပင် ဖွဲ့စည်းစေကာမူ၊ စစ်ဆေးရန်ရရှိသည့်အမှု များကို အမှတ် ၁ မှစ၍ ဂဏန်း အစီအစဉ်အလိုက်အမှတ်အသားပေးရမည်။

၁၄။ ။ ထိုစာရင်းစာအုပ်နှင့် အခြားမှတ်ပုံတင်စာရင်းစာအုပ်များ၊ ဆုံးဖြတ်ပြီးသည့် အမှုတွဲများနှင့် အခြားစာရွက်စာတမ်းများနှင့် ရုံးတံဆိပ်ကို၊ စက်ရှင်တရားသူကြီးက ထိန်းသိမ်းထားရမည်။

၁၅။ ။ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များတွင် စက်ရှင်တရားသူကြီး ဆောင်ရွက်ရမည့် တာဝန်ဝတ် တရားများကို စက်ရှင်တရားသူကြီး မနေသော ခရိုင်တွင် ခရိုင်ရာဇဝတ်တရားသူကြီးက၊ အဆိုပါတာဝန် ဝတ်တရားများကို ဆောင်ရွက်ရမည်။

Myanmar Law Information System (MLIS)

သို့ရာတွင် နည်းဥပဒေ ၁၃ နှင့် ၁၄ အရ ဆောင်ရွက်ရမည့် တာဝန်ဝတ်တရားများကို၊ ရန်ကုန်ခရိုင်တွင် ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးက ဆောင်ရွက်ရမည်။

## အခန်း ၃။

## အမှုစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

၁၆။ ။ (၁) နည်းဥပဒေ ၁၁ အရ၊ အထူးရာဇဝတ်ရုံးဖွဲ့စည်းသောအခါ၊ အထူးရာဇဝတ်ရုံး အဖွဲ့ဝင်အသီး သီးသည်၊ မိမိ၏ တာဝန်ဝတ်တရားများကို မဆောင်ရွက်မီ၊ ပုံစံ ၃ အရ၊ ကတိသစ္စာကို ပြုရမည်။

(၂) အထူးဥပဒေအရာရှိခန့်ထားပါက၊ ၎င်းသည်လည်း၊ ပုံစံ ၄ အရ ကတိသစ္စာကို ပြုရမည်။

၁၇။ ။ (၁) အထူးရာဇဝတ်ရုံး၏ နာယကမှာ၊ အမှုစစ်ဆေးစီရင်ရာ၌ မှန်ကန်သော အစီအစဉ်အတိုင်း ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာတရားဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊ တရားစီရင်သော တရားရုံးနှင့် လျော်ညီသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ခြင်းစသော တာဝန်ရှိရမည်။

(၂) တရားစစ်ဆေးစီရင်ရာ၌ တရားခံမှာ၊ တရားမျှတသော စစ်ဆေးစီရင်မှုရရှိစေရန်နှင့် နစ်နာမှု မရှိစေ ရန် ဂရုစိုက်ရမည့် တာဝန်သည်၊ ထိုနာယက၏ တာဝန်ဖြစ်သည်။

၁၈။ ။ (၁) အထူးရာဇဝတ်ရုံးသည်၊ အမှုစစ်ဆေးရန်ချိန်းဆိုသည့် အချိန်တွင်၊ တရားလိုနှင့် တရားလိုပြ သက်သေများကို စစ်ဆေးရမည်။ ထိုသက်သေခံချက်များအရ၊ တရားခံပေါ်တွင် ငြိစွမ်းသည့် အချက်အ လက်များရှိပါက၊ ထိုအချက်အလက်များနှင့်စပ်လျဉ်း၍ ဖြေရှင်းရန် တရားခံအားစစ်ဆေးရမည်။

(၂) အကယ်၍ တရားခံ၏ ထုချေချက်တွင် တရားလို၏ စွပ်စွဲချက်ကို စိတ်ဒွိဟ ဖြစ်စေလောက်သည့် အချက်အလက်များပါရှိလျှင်၊ စွဲချက်တင်ခြင်းမပြုသေးဘဲ၊ ထိုအထူးရာဇဝတ်ရုံးက၊ ထိုအမှုနှင့်စပ်လျဉ်း ၍ အထောက်အထားဖြစ်စေမည့်၊ သက်သေခံချက်များပေးနိုင်မည်ထင်သည့်သူ၊ သို့တည်းမဟုတ် စာရွက် စာတမ်းကို ဆင့်ဆိုစစ်ဆေးနိုင်သည်။

(၃) ထို့နောက် တရားခံအပေါ် စွဲချက်တင်သင့် မတင်သင့် နှင့် စပ်လျဉ်း၍ လျှောက်လဲချက်ပေးလိုက၊ နှစ်ဘက်စလုံးအားလျှောက်လဲခွင့်ပြုရမည်။ တရားခံအပေါ်စွဲချက်တင်နိုင်လောက်သည့် သက်သေခံချက် အထောက်အထားရှိသည်ဟု ယူဆလျှင်၊ ပုံစံ ၅ အတိုင်း စွဲချက်တင်ရမည်။ စွဲချက်တခုထက်ပိုလျှင် ပုံစံ ၆ ကို အသုံးပြုရမည်။

(၄) တရားခံက အပြစ်မရှိဟု ထုချေလျှင်၊ တရားလိုဘက်က ပြသည့်သက်သေကို ပြန်လည်ခေါ်ယူစစ် ဆေးလို မလိုမေးရမည်။ စစ်ဆေးလိုလျှင်၊ ထိုနေ့တွင်ပင် အချိန်တနာရီခန့် ခေတ္တရပ်နားပြီးနောက် အမှုပြန်ခေါ်ပြီး ပြန်လည်စစ်ဆေးလိုသည်ဆိုသော သက်သေများကို စစ်ဆေးခွင့်ပြုရမည်။ မစစ်ဆေးလို တော့ဟုဆိုလျှင်၊ ကျန်တရားလိုပြသက်သေများကို၊ လိုအပ်လျှင် ဆက်လက်စစ်ဆေးရမည်။

(၅) နောက်ထပ် သက်သေထွက်ချက်နှင့်စပ်လျဉ်း၍ တရားခံအပေါ်တွင် ငြိစွမ်းသောအချက်များကို တရားခံက ရှင်းလင်းထုချေနိုင်ရန် တရားခံအား နောက်ထပ်စစ်မေးရမည်။

Myanmar Law Information System (MLIS)

(၆) တရားခံ၊ သို့တည်းမဟုတ် ၎င်း၏ ရှေ့နေမှာ၊ တရားလိုနှင့် တရားလိုပြသက်သေများကို ပြန်လှန်မေးခွန်းထုတ်နိုင်ခွင့်ရှိသည်။

(၇) နောက်ထပ်သက်သေ ထွက်ချက်နှင့်စပ်လျဉ်း၍ တရားခံအပေါ်တွင် ငြိစွမ်းသောအချက်များကို တရားခံက ရှင်းလင်းထုချေနိုင်ရန် တရားခံအား နောက်ထပ်စစ်မေးရမည်။

(၈) ထို့နောက် တရားခံ၏ ထုချေချက်ကို စွဲချက်တွင် ရေးမှတ်ပြီး တရားခံကိုယ်တိုင်သက်သေအဖြစ် ကျမ်းနှင့် အစစ်ခံလို မခံလိုမေးမြန်းရမည်။

(၉) ထို့နောက် တရားခံအား သက်သေပြလို မပြလိုမေးရမည်။ ပြလိုသည်ဟုဖြေကြားလျှင်၊ တရားခံပြလိုသောသက်သေများ၏အမည်၊ နေရပ်၊ လိပ်စာစသည်တို့ကို မေးမြန်းရေးမှတ်ပြီး သမ္မာန်ထုတ်ဆင့် ရန်အမိန့်ချ၍ ရက်ချိန်းပေးရမည်။

(၁၀) နည်းဥပဒေခွဲ (၉) အရ ပေးသည့်ရက်ချိန်းတွင် တရားခံက သက်သေအဖြစ်ကျမ်းကျိန်အစစ်ခံမည် ဟု ဖြေဆိုခဲ့ပြီးဖြစ်ပါက၊ တရားခံနှင့် တရားခံ၏ သက်သေများကိုစစ်ဆေးရမည်။ သို့ရာတွင် တရားခံပြ သက်သေများအနက်အချို့မှာ အမှုကြန့်ကြာအောင် စွဲသည့်သဘောနှင့် ပြထားသည်ဟု ယူဆရန် အကြောင်းရှိလျှင်၊ သို့တည်းမဟုတ် ထိုသက်သေသည်၊ အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသောအချက်တွင် လုံလောက်သော သက်သေခံချက်ပေးနိုင်စွမ်းရှိမည်မဟုတ်ဟု ယူဆလျှင်၊ ထိုတရားခံပြသက်သေကို ခေါ်ယူစစ်ဆေးရန်မလိုချေ။ တရားလို၊ သို့တည်းမဟုတ် ၎င်း၏ ရှေ့နေမှာလည်း၊ တရားခံပြ သက်သေ များကို ပြန်လှန်မေးခွန်းထုတ်နိုင်ခွင့်ရှိသည်။

(၁၁) အကယ်၍ တရားခံကသက်သေမပြလိုဟု ဖြေဆိုသည့်ပြင်၊ မိမိကိုယ်တိုင်လည်း၊ ကျမ်းကျိန်ဆို၍ သက်သေမခံသည့်ကိစ္စတွင်၊ တရားလိုဘက်အားအမှုနှင့် စပ်လျဉ်း၍ လျှောက်လဲချက်ပေးစေရမည်။ ထို့နောက် တရားခံဘက်အား လျှောက်လဲချက်ပေးစေရမည်။ ထို့နောက် တရားလိုအား ပြန်လည်ချေပ လျှောက်လဲခွင့်ပြုနိုင်သည်။ ထို့နောက်အထူးဥပဒေအရာရှိသည်၊ မိမိ၏ ထင်မြင်ချက်များနှင့် စပ်လျဉ်း၍ ရုံးသို့ လျှောက်လဲချက်ပေးရမည်။

(၁၂) တရားခံပြသက်သေများကို စစ်ဆေးပြီးနောက်၊ တရားခံဘက်ကို စတင်လျှောက်လဲချက်ပေးစေရ မည်။ ထို့နောက် တရားလိုဘက်အား လျှောက်လဲချက်ပေးစေရမည်။ တရားခံဘက်က ပြန်လည်လျှောက် လဲလိုက၊ လျှောက်လဲခွင့်ပြုနိုင်သည်။ တရားလို၊ တရားခံနှစ်ဘက်စလုံးလျှောက်လဲချက်ပေးပြီးနောက်၊ အထူးဥပဒေအရာရှိအား၊ မိမိ၏ထင်မြင်ချက်များနှင့် စပ်လျဉ်း၍ လျှောက်လဲခွင့်ပြုရမည်။ အထူးဥပဒေ အရာရှိက၊ မိမိ၏ ထင်မြင်ချက်များနှင့်စပ်လျဉ်း၍ လျှောက်လဲချက်ပေးပြီးနောက်၊ မည်သူ့အားမျှနောက် ထပ်လျှောက်လဲခွင့်မပြုရ။

၁၉။ ။ လျှောက်လဲချက်များကို ကြားနာပြီးသောအခါ၊ အထူးရာဇဝတ်ရုံးက၊ အမှုကြောင်းခြင်းရာများ ကို လေ့လာပြီးလျှင်၊ အမှုတွဲကို သက်ဆိုင်ရာ အတည်ပြုအာဏာပိုင်ထံသို့ ပေးပို့ရဦးမည်ဟု နာယကမှ တဆင့် တရားခံအား ပြောကြားပြီးအမှုကို ရွှေ့ဆိုင်းရမည်။ အကယ်၍ တရားခံသည် အချုပ်နှင့် ဖြစ်လျှင်၊ ၎င်းကို၊ ပုံစံ ၇ ပါဝရန်းဖြင့် ထောင်ချုပ်သို့ ပြန်ပို့ရမည်။

Myanmar Law Information System (MLIS)

၂၀။ ။ တရားလိုပြသက်သေအားလုံးကို စစ်ဆေးပြီးသည့်တိုင်အောင်၊ တရားခံအားလုံး၊ သို့တည်းမဟုတ် တဦးဦးအပေါ်တွင် စွဲဆိုသည့်ပြစ်မှု၊ သို့တည်းမဟုတ် အခြားပြစ်မှုငြိစွန်းခြင်းမရှိဟု ယူဆလျှင်၊ အထူး ရာဇဝတ်ရုံးက တရားခံအား တရားရှင်လွှတ်စေဟူသော ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် စီရင်ချက်ကို ရေးသား၍ အတည်ပြုအာဏာပိုင်ထံသို့ အမှုတွဲနှင့်အတူ ပေးပို့ရမည့်ပြင်၊ အမှုကိုလည်း ရွှေ့ဆိုင်းရမည်။ အကယ်၍ တရားခံများမှာ၊ အချုပ်နှင့်ဖြစ်လျှင်၊ ၎င်းတို့ကို၊ ပုံစံ ၇ ပါ ဝရန်းဖြင့် ထောင်ချုပ်သို့ ပြန်ပို့ရ မည်။

၂၁။ ။ (၁) အထူးရာဇဝတ်ရုံးသည်၊ အမှုတခုလုံးကို ခြုံ၍ လေ့လာပြီးလျှင်၊ တရားခံအားပြစ်မှုထင်ရှား စီရင်ခြင်းမပြုထိုက်ဟု ယူဆလျှင်၊ တရားခံအား တရားသေလွှတ်စေဟူသော ဆုံးဖြတ်ချက်၊ သို့တည်းမ ဟုတ် စီရင်ချက်ကိုဖြစ်စေ၊ အကယ်၍ တရားခံအား ပြစ်မှုထင်ရှား စီရင်ထိုက်သည်ဟု အထူးရာဇဝတ်ရုံး ကထင်မြင်လျှင်၊ တရားခံအား ပြစ်ဒဏ်စီရင်သည့် ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် စီရင်ချက်ကိုဖြစ်စေ၊ ရေးသားလျက်၊ ထိုဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် စီရင်ချက်ကို၊ ဥပဒေပုဒ်မ၆ (၃) နှင့်အညီ၊ အထူး ရာဇဝတ်ရုံးအဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးရမည်။

သို့ရာတွင် အဖွဲ့ဝင်တဦးဦးသည်၊ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် စီရင်ချက်နှင့် စပ်လျဉ်း၍ သဘောကွဲ လွဲလျှင် “သဘောကွဲလွဲကြောင်းမှတ်စု” တခု၊ သဘောမတူသောအဖွဲ့ဝင်က ရေးသားပြီးသီးခြား လက်မှတ်ရေးထိုးနိုင်သည်။

(၂) အထူးရာဇဝတ်ရုံးသည်၊ မိမိ၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် စီရင်ချက်ပါ အကြောင်းအရာများ ကို၊ မည်သူ့အားမျှ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

(၃) အထူးရာဇဝတ်ရုံး၏ နာယကသည်၊ သက်ဆိုင်ရာအမှုတွဲကို၊ သက်ဆိုင်ရာအတည်ပြုအာဏာပိုင် ထံသို့ ဥပဒေပုဒ်မ ၁၀ (၁) နှင့်အညီချက်ခြင်းပေးပို့ရမည်။

၂၂။ ။ (၁) အတည်ပြုအာဏာပိုင်သည်၊ နည်းဥပဒေ ၂၀ အရ၊ ပေးပို့သောအမှုတွဲကို ရရှိသောအခါ၊ အမှု ကြောင်းခြင်းရာကို လေ့လာ၍ သက်ဆိုင်ရာ တရားခံတဦးဦးအား တရားရှင်လွှတ်သည့် ထိုအထူး ရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် စီရင်ချက်ကိုသဘောတူလျှင်၊ ယင်းသို့ သဘောတူသည့် အမိန့်ကို ချမှတ်ရမည်။ အကယ်၍ ထိုအထူးရာဇဝတ်ရုံး၏ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် စီရင်ချက်ကို သဘောမတူလျှင်၊ သဘောမတူသည့် အချက်အလက်များကို ရေးသားဖော်ပြ၍ ထိုအမှုကိုပြန်လည် စစ်ဆေးစီရင်ရန် အမိန့်ချမှတ်ရမည်။

(၂) သက်ဆိုင်ရာအထူးရာဇဝတ်ရုံးသည်၊ နည်းဥပဒေခွဲ (၁) အရအမှုပြန်လည်စစ်ဆေးစီရင်ရန် အမိန့်ကို ရရှိသည့်အခါ၊ အတည်ပြုအာဏာပိုင်က ညွှန်ကြားသည့်အတိုင်းတရားခံအပေါ် စွဲချက်တင်၍ ဆက်လက် စစ်ဆေးကြားနာစီရင်ရမည်။

၂၃။ ။ ဥပဒေတွင် အခြားနည်းအတည့်အလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင်၊ အထူးရာဇဝတ်ရုံးသည်၊ တရား စစ်ဆေးစီရင်ရာတွင် ရာဇဝတ်ကျင့်ထုံး ကိုဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရ မည်။

၂၄။ ။ (၁) ဥပဒေပုဒ်မ ၈ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အထူးရာဇဝတ်ရုံးက စစ်ဆေးစီရင်သော အမှု များ၌ အထူးဥပဒေအရာရှိတဦးအား အထူးရာဇဝတ်ရုံးကို ကူညီရန်ပါဝင်စေနိုင်သည်။

(၂) အမှုတခုခုတွင် အထူးဥပဒေအရာရှိတဦး ပါဝင်ကူညီဆောင်ရွက်နေစဉ်၊ ထိုအထူးဥပဒေအရာရှိမှာ၊ အကြောင်းတခုခုကြောင့် ဆက်လက်ကူညီဆောင်ရွက်ခြင်းမပြုနိုင်လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ

Myanmar Law Information System (MLIS)

တော်လှန်ရေးအစိုးရသည်၊ အခြားအထူးဥပဒေအရာရှိတဦးကို ခန့်ထား၍ ထိုအမှုကြားနာစစ်ဆေးရာ တွင်ပါဝင်ကူညီဆောင်ရွက်စေနိုင်သည်။

(၃) အမှုနှင့်စပ်လျဉ်း၍ အထူးဥပဒေအရာရှိ၏ ပြောကြားချက်တရပ်ရပ်ကို ဖြစ်စေ၊ အကြံပေးချက်တခုခု ကိုဖြစ်စေ၊ အထူးရာဇဝတ်ရုံးသည်၊ သက်ဆိုင်ရာ အမှုတွဲတွင် ရေးသွင်းနိုင်သည်။

၂၅။ ။ (၁) အထူးရာဇဝတ်ရုံးက ချမှတ်သည့် စီရင်ချက်တွင်၊ ဆုံးဖြတ်ရန်အချက်၊ သို့တည်းမဟုတ် အချက်များ၊ ထိုအချက်အပေါ်တွင် ချမှတ်သည့် ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ချက်၏ အကြောင်းပြချက်များ ပါရှိစေရမည်။

(၂) တရားခံပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ပြစ်မှုရှိလျှင်၊ ထိုပြစ်မှုကို ၎င်း၊ တရားခံပြစ်မှုထင်ရှားစီရင် ခြင်းခံရသော ဥပဒေပုဒ်မကို ၎င်း၊ တရားခံချမှတ်ခံရသည့် ပြစ်ဒဏ်ကို၎င်း ထိုစီရင်ချက်တွင် သီးခြား ဖော်ပြရမည်။

## အခန်း ၄။

## အတည်ပြုအာဏာပိုင် ဆိုင်ရာပြဋ္ဌာန်းချက်များ။

၂၆။ ။ ဥပဒေပုဒ်မ ၁၀ (၂) ၌ ရည်ညွှန်းသည့် ပုဂ္ဂိုလ်သုံးဦးပါဝင်သည့် အတည်ပြုအာဏာပိုင် ခန့်ထားနိုင် ရန်၊ တရားရေးဌာနတွင် အတည်ပြု အာဏာပိုင်အဖွဲ့ဝင်အဖြစ်ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်အနည်းဆုံး ခုနစ်ဦးအမည်ကို စာရင်းပြုလုပ်ထားရှိရမည်။

၂၇။ ။ (၁) အတည်ပြုအာဏာပိုင်သည်၊ အထူးရာဇဝတ်ရုံးက ပေးပို့သောအမှုတွဲကို ရရှိသောအခါ၊ ဥပဒေ ပုဒ်မ ၁၀ (၃) တွင်ပြဋ္ဌာန်းထားသည့်အတိုင်းဆောင်ရွက်ဆုံးဖြတ်ရမည်၊ အတည်ပြုအာဏာပိုင်အဖွဲ့ဝင် များရာ၏ ဆုံးဖြတ်ချက်သည်၊ အတည်ပြုအာဏာပိုင်၏ ဆုံးဖြတ်ချက်ဖြစ်ရမည်။

(၂) ဆုံးဖြတ်ချက်တိုင်းတွင် အတည်ပြုအာဏာပိုင်အဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုးရမည်။

၂၈။ ။ (၁) အတည်ပြုအာဏာပိုင်သည်၊ အထူးရာဇဝတ်ရုံး၏ အမိန့်နှင့် စီရင်ချက်ကို-

(က) အတည်ပြုလျှင်၊ ပုံစံ ၈ ကို၎င်း၊

(ခ) လျှော့ပေါ့ပြီးအတည်ပြုလျှင်၊ ပုံစံ ၉ ကို၎င်း၊

(ဂ) ပယ်ဖျက်၍ အစားထိုးလျှင်၊ ပုံစံ ၁၀ ကို၎င်း၊

(ဃ) ပယ်ဖျက်၍ အသစ်ပြန်လည်စစ်ဆေးစေလျှင်၊ ပုံစံ ၁၁ ကို၎င်း အသုံးပြုရမည်။

(၂) သက်ဆိုင်ရာအထူးရာဇဝတ်ရုံး၏ အမိန့်နှင့် စီရင်ချက်ကို အတည်ပြုအာဏာပိုင်က ပယ်ဖျက်၍ အသစ်ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်လျှင်၊ ထိုကိစ္စအလို့ငှါ အသစ်ဖွဲ့စည်းထားသော အထူးရာဇဝတ် ရုံးက၊ ထိုအမှုကိုပြန်လည်စစ်ဆေးကြားနာစီရင်ရမည်။

၂၉။ ။ အမှုတွဲကို ဆုံးဖြတ်ချက်နှင့်တကွ သက်ဆိုင်ရာစက်ရှင်တရားသူကြီးထံသို့ ဖြစ်စေ၊ စက်ရှင်တရား သူကြီးမရှိသည့် ခရိုင်တွင်၊ ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ ဖြစ်စေပေးပို့ရမည်။ ယင်းသို့ပေးပို့ခြင်းခံရ သည့် စက်ရှင်တရားသူကြီးသည်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ ထိုဆုံးဖြတ်ချက် နှင့်စပ်လျဉ်း၍၊ မည်သို့မည်ပုံအမိန့်ထုတ်ပြန်ကျေညာရမည်ကို၊ သက်ဆိုင်ရာခရိုင်ကော်မီတီ၊ သို့တည်းမ ဟုတ်



Myanmar Law Information System (MLIS)

တိုင်းကော်မီတီနှင့်ဆက်သွယ်ပြီး၊ ၎င်း၏ ညွှန်ကြားချက်ကိုရယူ၍၊ တရားခံအား အမိန့်ထုတ်ပြန် ကျေညာမည့် အာဏာပိုင်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်ထံ တရားခံကို၊ အကျဉ်းထောင်မှထုတ်ပေးရန် ကိစ္စ နှင့် အခြားလိုအပ်သောကိစ္စများကို ဆောင်ရွက်ရမည်။

၃၀။ ။ (၁) ထိုအမှုနှင့်စပ်လျဉ်း၍ ချမှတ်သော အမိန့်ကို၊ နည်းဥပဒေ ၂၉ အရ၊ အမိန့်ထုတ်ပြန်ကျေညာ ရမည့် အာဏာပိုင်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်က တရားခွင်တွင်ဖြစ်စေ၊ အခြားသင့်လျော်သော ဒေသတွင် ဖြစ်စေ၊ တရားခံရှေ့မှောက်၌ ထုတ်ပြန်ကျေညာရမည်။

(၂) အမိန့်ထုတ်ပြန်ကျေညာသည့် သက်ဆိုင်ရာ အာဏာပိုင်သည်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်သည်၊ နည်း ဥပဒေခွဲ (၁) အရ ထုတ်ပြန်ကျေညာပြီးကြောင်း အမှုတွဲ၏ နေ့စဉ်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး၊ တရားခံအားသေဒဏ်ချမှတ်ပါက၊ ပုံစံ ၁၂ ပါ ဝရန်းဖြင့်သော်၎င်း၊ သေဒဏ်ချမှတ်ချက်ကို၊ နိုင်ငံတော် တရားရုံးချုပ်က အတည်ပြုသည့်အခါ၊ ပုံစံ ၁၃ ပါဝရန်းဖြင့်သော်၎င်း၊ ထောင်ဒဏ်ချမှတ်ပါက၊ ပုံစံ ၁၄ ပါဝရန်းဖြင့်သော်၎င်း လက်မှတ်ရေးထိုးလျက် သက်ဆိုင်ရာ အကျဉ်းထောင်တာဝန်ခံအား ညွှန်ကြားရ မည်။

(၃) နည်းဥပဒေခွဲ (၁) အရ ထုတ်ပြန်ကျေညာခြင်းကို၊ စက်ရှင်တရားသူကြီးမှတပါး၊ အခြားအာဏာပိုင်၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်က ပြုလုပ်လျှင်၊ ထိုသို့ ထုတ်ပြန်ကျေညာပြီးလျှင် ပြီးခြင်း အမှုတွဲကို သက်ဆိုင် ရာ စက်ရှင်တရားသူကြီးထံသို့ ပေးပို့ရမည်။

(၄) စက်ရှင်တရားသူကြီးသည်၊ အတည်ပြုအာဏာပိုင်၏ အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ အကယ်၍ အတည်ပြု အာဏာပိုင်၏ အမိန့်မှာ၊ သေဒဏ်ကို အတည်ပြုသည့်အမိန့်ဖြစ်လျှင်၊ ဥပဒေပုဒ်မ ၁၁ နှင့်အညီ အမှုတွဲကို၊ နိုင်ငံတော်တရားရုံးချုပ်သို့ ၎င်း၏ အတည်ပြုချက်ရယူရန် ပေးပို့ရမည်။

(၅) သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍၊ အထူးရာဇဝတ်ရုံးက ဖြစ်စေ၊ အတည်ပြုအာဏာပိုင်က ဖြစ်စေ၊ အမိန့်မချမှတ်မီ သက်ဆိုင်ရာ စက်ရှင်တရားသူကြီးက သင့်လျော်သော အမိန့်ကို ချမှတ်နိုင်သည်။

၃၁။ ။ ဤနည်းဥပဒေများနှင့်အတူ ပူးတွဲပါရှိသည့် ပုံစံများမှတပါး၊ ဥပဒေအရ လိုအပ်သောအခြားပုံစံ များနှင့် စပ်လျဉ်း၍၊ ရာဇဝတ်ကျင့်ထုံး ကိုဒ်ဥပဒေ ပဥ္စမဇယားတွင် ထည့်သွင်းထားသော ပုံစံများကို၊ ကိစ္စအသီးသီး၏ အခြေအနေအလျောက် လိုအပ်သော ပြောင်းလဲချက်များပြုလျက်၊ အသုံးပြုနိုင်သည်။ ထိုသို့ အသုံးပြုလျှင် လုံလောက်စေရမည်။

## အခန်း ၅။

## အထူးဥပဒေအရာရှိဆိုင်ရာ ပြဋ္ဌာန်းချက်များ။

၃၂။ ။ အထူးရာဇဝတ်ရုံးအသီးသီးက တရားစီရင်ရာတွင် မှန်ကန်၍ တရားမျှတမှုရှိစေရန်၊ အထူးဥပဒေ အရာရှိတဦး ပါဝင်ကူညီဆောင်ရွက်စေနိုင်သည်။

၃၃။ ။ အထူးဥပဒေအရာရှိ တဦးမရနိုင်လျှင်၊ ဥပဒေတတ်ကျွမ်းနားလည်သူတဦးဦးအား၊ အထူးဥပဒေ အရာရှိအဖြစ် ဆောက်ရွက်နိုင်ရန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက ခန့်ထားနိုင်သည်။

၃၄။ ။ အထူးဥပဒေအရာရှိ၏ အာဏာနှင့်တာဝန် ဝတ်တရားများမှာ အောက်ပါအတိုင်းဖြစ်သည်။



Myanmar Law Information System (MLIS)

(က) အထူးဥပဒေအရာရှိသည်၊ အထူးရာဇဝတ်ရုံးကတရားမှန်ကန်စွာ စီရင်ဆုံးဖြတ်နိုင်ရေးတွင် ကူညီ ရန် ပါဝင်ရမည်။

(ခ) အမှုစစ်ဆေးနေစဉ်အတွင်း တရားလို တရားခံတို့က စွဲချက်နှင့်ဖြစ်စေ၊ စစ်ဆေးစီရင်ခြင်းနှင့်ဖြစ်စေ၊ သက်ဆိုင်သည့် တရားဥပဒေကြောင်းဆိုင်ရာ ပြဿနာများနှင့်ဖြစ်စေ အထူးဥပဒေအရာရှိ၏ ထင်မြင် ချက်ကို ရယူလိုလျှင်၊ အထူးဥပဒေအရာရှိသည်၊ မိမိ၏ ထင်မြင်ချက်ကိုပေးရမည်။

(ဂ) အမှုစစ်ဆေးစီရင်ရာတွင် စည်းကမ်းတကျ မရှိခြင်းကိုဖြစ်စေ၊ နည်းလမ်းတကျ မရှိခြင်းကိုဖြစ်စေ၊ အထူးရာဇဝတ်ရုံးအား ဖော်ပြရန် အထူးဥပဒေအရာရှိမှာ တာဝန်ရှိရမည်။

(ဃ) အမှုစစ်ဆေးကြားနာခြင်း အပြီးသတ်သည့်အခါ၊ အထူးရာဇဝတ်ရုံးက မိမိဆုံးဖြတ်ချက်ကို ဆင်ခြင်သုံးသပ်ခြင်းမပြုမီ၊ အထူးဥပဒေအရာရှိသည်၊ သက်သေခံချက်များကို စုပေါင်းဖော်ပြရမည့်ပြင်၊ အမှုနှင့် စပ်လျဉ်းသည့် တရားဥပဒေကြောင်းဆိုင်ရာ ထင်မြင်ချက်ကိုလည်းပေးရမည်။

(င) အမှုစစ်ဆေးနေစဉ် တရားခံသည်၊ မသိ နားမလည်မှုကြောင့်၊ သို့တည်းမဟုတ် သက်သေများကို စစ် မေးရန်သော်၎င်း၊ ပြန်လှန်စစ်မေးရန်သော်၎င်း၊ မစွမ်းဆောင်နိုင်ခြင်းကြောင့် တရားခံ နစ်နာမှုမရှိစေရန် ကူညီဆောင်ရွက်ရမည်။

(စ) အထူးဥပဒေအရာရှိသည်၊ မိမိ၏တာဝန်ဝတ်တရားများကို၊ တရားလိုဘက်သော်၎င်း၊ တရားခံဘက် သော်၎င်း၊ မျက်နှာမလိုက်ဘဲ ဆောင်ရွက်ရမည်။

၃၅။ ။ အထူးရာဇဝတ်ရုံးက တရားစစ်ဆေးစီရင်ရာတွင် အထူးဥပဒေအရာရှိမပါဝင်ခြင်းကြောင့် ဖြစ်စေ၊ အထူးဥပဒေအရာရှိ ခန့်အပ်ခြင်းမခိုင်လုံဟူသော အကြောင်းကြောင့်ဖြစ်စေ၊ အထူးရာဇဝတ်ရုံးတရား စစ်ဆေးစီရင်ခြင်းသည် မခိုင်လုံ မဖြစ်စေရ။

## အခန်း ၆။

## အထွေထွေပြဋ္ဌာန်းချက်များ။

၃၆။ ။ ဥပဒေအရ၊ သူတဦးအား အထူးရာဇဝတ်ရုံးက နှစ်အကန့်အသတ်မရှိသော တသက်တကျွန်းဒဏ် ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ချမှတ်သောအခါ၊ ထိုပြစ်ဒဏ်ချမှတ်ချက်ကို ပြန်လည်ပြင်ဆင်သည်ဖြစ်စေ၊ ပြန်လည်မပြင်ဆင်သည်ဖြစ်စေ၊ ထိုတသက်တကျွန်းဒဏ်၊ သို့တည်းမဟုတ် ထောင်ဒဏ်ကို၊ အထူး ရာဇဝတ်ရုံးနာယကက မူရင်းအမှုတွင် ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် စီရင်ချက်ကို၊ လက်မှတ်ရေးထိုး သည့် နေ့ရက်မှစတင်ရေတွက်ရမည်။

၃၇။ ။ ခုနစ်နှစ်နှင့် ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်၊ သို့တည်းမဟုတ် သေဒဏ်ချမှတ်သည့်အမှုတိုင်း တွင်၊ တရားခံက လျှောက်တောင်းသည့်အခါ၊ သက်ဆိုင်ရာ စက်ရှင်တရားသူကြီးသည်၊ သို့တည်းမဟုတ် ခရိုင်ရာဇဝတ်တရားသူကြီးသည်၊ စီရင်ချက် မိတ္တူတစောင်ကို၊ ထိုသူအားနှောင့်နှေးကြန့်ကြာခြင်း မရှိဘဲ၊ အခမဲ့ ထုတ်ပေးရမည်။

၃၈။ ။ အထူးဥပဒေအရာရှိ၊ အထူးရာဇဝတ်ရုံး၊ သို့တည်းမဟုတ် အတည်ပြုအာဏာပိုင်အဖွဲ့ဝင်တို့အား ချီးမြှင့်ရမည့် စရိတ်ကြေးငွေများမှာ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရက၊ အခါအားလျော်စွာ သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

Myanmar Law Information System (MLIS)

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ ၁။ အထူးရာဇဝတ်ရုံးသို့ လွှဲအပ်တင်ပို့သင့် မသင့် အမိန့်တောင်းခံဆဲဖြစ်သော အမှုများ၌ တရားခံကို ချုပ်ထားရန်ဝရန်း။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ ၂။ [နည်းဥပဒေ ၁၁ (၃) နှင့် ၁၃ ကိုကြည့်ပါ။] ၁၉ ခုနှစ်၊ ခရိုင်၊ အထူးရာဇဝတ်ရုံး။ မှတ်ပုံတင်စာရင်းအမှတ် ၁။

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ ၃။ [နည်းဥပဒေ ၁၆ (၁) ကိုကြည့်ပါ။] ကတိသစ္စာ။

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ ၄။ [နည်းဥပဒေ ၁၆ (၂) ကိုကြည့်ပါ။] နည်းဥပဒေ ၃၃ အရ၊ ခန့်ထားသောအထူး ဥပဒေအရှိက ပြုရန် ကတိသစ္စာပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ ၅။ [နည်းဥပဒေ ၁၈ (၃) ကိုကြည့်ပါ။] စွဲချက်ပုံစံ။

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ ၆။ [နည်းဥပဒေ ၁၈ (၃) ကိုကြည့်ပါ။] စွဲချက်ပုံစံ (ပြစ်မှုတခုထက်ပိုသော အမှုအတွက်)

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ ၇။ အထူးရာဇဝတ်ရုံးများဆိုင်ရာ အတည်ပြုအာဏာပိုင်၊ သို့တည်းမဟုတ် နိုင်ငံတော် တရားရုံးချုပ်သို့ အထူးရာဇဝတ်ရုံး၏ အမိန့်ချမှတ်ချက်နှင့် စပ်လျဉ်း၍ အတည်ပြုချက်ရရန် တင်ပြထားသည့် အချိန်အတွင်း တရားခံကို ချုပ်ထားရန်ဝရန်း။

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ ၈။ အတည်ပြုအာဏာပိုင်က အထူးရာဇဝတ်ရုံး၏ အမိန့်စီရင်ချက်နှင့် ပြစ်ဒဏ်ကို အတည်ပြု သောအခါ အသုံးပြုရန်။

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ ၉။ အတည်ပြုအာဏာပိုင်က အထူးရာဇဝတ်ရုံး၏ အမိန့်စီရင်ချက်ကို အတည်ပြုသော်လည်း ပေးထားသည့်ပြစ်ဒဏ်ကို လျှော့ပေါ့ အတည်ပြုသောအခါ အသုံးပြုရန်။

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ ၁၀။ အတည်ပြုအာဏာပိုင်က အထူးရာဇဝတ်ရုံး၏ အမိန့်စီရင်ချက်နှင့်ပြစ်ဒဏ်ကို ပယ်ဖျက်၍ အစားထိုးထားသည့် စီရင်ချက်နှင့်ပြစ်ဒဏ်ချမှတ်သည့်အခါ အသုံးပြုရန်။

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ ၁၁။ အတည်ပြုအာဏာပိုင်က အထူးရာဇဝတ်ရုံး၏အမိန့် စီရင်ချက်နှင့်ပြစ်ဒဏ်ကိုပယ်ဖျက် ပြီးအမှုကိုပြန်လည် စစ်ဆေးစေလျှင်အသုံးပြုရန်။

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ ၁၂။ သေဒဏ်ထိုက်သောအမှုတွင် နိုင်ငံတော်တရားရုံးချုပ်၏ အတည်ပြုချက်မရမီ ထောင်ပို့ရန်ဝရန်း။ [နည်းဥပဒေ ၃၀ (၂) ကိုကြည့်ပါ။]

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ ၁၃။ သေဒဏ် ထိုက်သော အမှုတွင် နိုင်ငံတော်တရားရုံးချုပ်က အတည်ပြုပြီးသည့်အခါ နောက်ထပ်ထုတ်ပေးရန်ဝရန်း။

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 ပုံစံ ၁၄။ (ထောင်/ကျွန်း) ဒဏ်စီရင်ချက်အရ ဆောင်ရွက်ရန်ဝရန်း။ [နည်းဥပဒေ ၃၀ (၂) ကိုကြည့်ပါ။]